# မန္တလေးမြို့တွင် လူမှုဖူလုံရေး-မေတ္တာရှင်အထွေထွေရောဂါကုဆေးခန်းနှင့် လူမှုဖူလုံရေး-မြို့တော် အထွေထွေရောဂါကုဆေးခန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေးမြို့ ဒီဇင်ဘာလ၂၄**

လူမှုဖူလုံရေးအဖွဲ့သည်ပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုကိုတိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် မြို့တော်ဆေးရုံ၊ မေတ္တာရှင်ဆေးရုံတို့နှင့်ပူးပေါင်း၍ လူမှုဖူလုံရေး- မြို့တော်အထွေထွေရောဂါကုဆေးခန်းနှင့် လူမှုဖူလုံရေး-မေတ္တာရှင် အထွေထွေရောဂါကုဆေးခန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်၊ နံနက်ပိုင်းက မန္တလေးမြို့၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေ၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဒေါက်တာရဲလွင်၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ နာယက၊မေတ္တာရှင်ဆေးရုံနာယက ဒေါက်တာဒေါ်ယုယုမေနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင် နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့တော်ဆေးရုံနှင့် မေတ္တာရှင်ဆေးရုံတို့မှ တာဝန်ရှိသူများ၊ ဒေသခံအလုပ်ရှင်များနှင့် အာမခံအလုပ်သမားများ စုစုပေါင်း ၃၀၀ဦးတက်ရောက်ခဲ့ပြီးပြည်ထောင်စုဝန်ကြီး၊ မြို့တော်ဝန်၊ အလုပ်ရှင် ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်နှင့် ဆေးရုံတာဝန်ရှိသူများမှ ဆေးခန်းများကိုဖဲကြိုး ဖြတ်ဖွင့်လှစ် ခဲ့ပါသည်။

၎င်းနောက် ဖွင့်ပွဲအခမ်းအနားကို မြို့တော်ဆေးရုံခန်းမ၌ကျင်းပခဲ့ရာ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေက အမှာစကားပြောကြားရာ၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်ပြီး အလုပ်သမားဥပဒေများနှင့်အညီအစိုးရ၊ အလုပ်ရှင်၊အလုပ်သမားသုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု ဖြင့်လူမှုအကာအကွယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအပါအဝင်ရည်မှန်းချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာတွင်ကမ္ဘာ့လူဦးရေ၏ ၂၉% ခန့်သည် ပြီး ပြည့်စုံသည့် လူမှုကာကွယ်စောင့်ရှောက်မှုကိုခံစားလျက်ရှိပါကြောင်း၊ ကမ္ဘာ့လူဦးရေ (၄) ဘီလီယံ

ခန့်သည် လူမှုအခွင့်အရေးများမရရှိသဖြင့် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွင် အခက်အခဲများဖြစ်နေပါကြောင်း၊ ယင်းအခွင့်အရေးများကိုအားလုံးခံစားရရှိနိုင်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသောလူမှုကာကွယ်စောင့်ရှောက်မှုစနစ်ကိုအားဖြည့်ဆောင်ရွက်နိုင်ရန် ရေရှည်မျှော်မှန်း ချက်များချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

၂၀၁၅ ခုနှစ် ကုလသမဂ္ဂအစည်းအဝေးကြီးတွင်လည်းတစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ဆင်းရဲမွဲတေမှုလျော့နည်းပပျောက်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ကြဉ်းပေးနိုင်ရန် ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်အဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါပန်းတိုင်များ၌ အလုပ်သမားအခွင့်အရေးကိုကာကွယ်ပေးရေး၊ ဘေးကင်းလုံခြုံသည့် လုပ်ငန်းပတ်ဝန်းကျင်များ တိုးမြှင့်ဖန်တီးပေးရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကိုဦးတည်ချက်အဖြစ် ထည့်သွင်းချမှတ်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝလိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်နှင့် အမျိုးသားအဆင့် ကျန်းမာရေးလုပ်ငန်းစီမံချက်တို့ကိုရေးဆွဲချမှတ်ပြီးသက်ဆိုင်ရာဝန်ကြီးဌာနများပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုအာမခံစနစ်ကို၂၀၁၂ ခုနှစ်၊လူမှုဖူလုံရေးဥပဒေနှင့်အညီအလုပ်သမား၊ အလုပ်ရှင်တို့၏ ထည့်ဝင်ကြေးငွေများနှင့် ရန်ပုံငွေတည်ထောင်ဆောင်ရွက်လျက်ရှိပါကြောင်း၊

လူမှုဖူလုံရေးအဖွဲ့အနေဖြင့်လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံးအကျုံးဝင်လာစေရန် မဟာဗျူဟာ ရည်မှန်းချက်တစ်ရပ် ချမှတ်ပြီးနိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏လူမှုဘဝလုံခြုံရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့်ကုန်ထုတ်လုပ်မှုတိုးတက်ပြီးနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုဆောင်ရွက်လျက်ရှိပါကြောင်း၊လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်အာမခံအလုပ်သမား (၁.၂၅)သန်းခန့်၏ကျန်းမာရေးစောင့်ရှောက်မှုနှင့်အကျိုးခံစားခွင့်များကိုရရှိစေရန်မြို့နယ် (၁၁၆) မြို့နယ်၌ အလုပ်သမားဆေးရုံကြီး (၃)ရုံ၊ ခရိုင်ရုံး (၄) ရုံး၊ မြို့နယ် ရုံးခွဲ (၇၈)ရုံး၊ မြို့နယ်ဆေးခန်း(၉၆) ခန်း၊ ဌာနကြီးဆေးခန်း (၅၅) ခန်း၊ တိုင်းရင်းဆေးကုခန်း (၁) ခန်း၊ လူမှုဖူလုံရေး- ကဲဝဲလ်ဆေးခန်း (၄) ခန်း၊ Provider Purchaser Split (PPS) စနစ်ဖြင့် စမ်းသပ်ဖွင့်လှစ်သည့် ဆေးခန်း (၃) ခန်း၊

ရွေ့လျားဆေးကုသယာဉ် (MMU) (၁) စီးတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊

နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်ပြောင်းလဲမှုများအရ တိုးတက် များပြားလာသည့်အကျုံးဝင်အာမခံအလုပ်သမားများ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့်အကျိုးခံစားခွင့်များကိုထိရောက်မြန်ဆန်စွာဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ပြုပြင်ပြောင်းလဲမှု(၄) ရပ်ကိုILO ၏နည်းပညာအကူအညီဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အာမခံအလုပ်သမားများ၏ကျန်းမာရေးစောင့်ရှောက်မှုများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆေးရုံ၊ ဆေးခန်းများနှင့်ပူးပေါင်းပြီးနိုင်ငံတကာ၌ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုဝယ်ယူသူ ခွဲခြားလုပ်ကိုင်သည့် Provider Purchaser Split (PPS)စနစ်ကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စမ်းသပ်ဆေးခန်း (၃) ခန်းကိုယခုနှစ် ဧပြီလတွင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ယနေ့တွင်မြန်မာနိုင်ငံ၏ လုပ်သားအင်အားထု ဒုတိယအများဆုံးရှိသည့်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ အဆင်ပြေစေရန်လူမှုဖူလုံရေး-မေတ္တာရှင်အထွေထွေရောဂါကုဆေးခန်းနဲ့ လူမှုဖူလုံရေး-မြို့တော်အထွေထွေရောဂါကုဆေးခန်းကိုစမ်းသပ်စီမံကိန်း (Pilot Project) အနေဖြင့် တိုးချဲ့ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည်အာမခံအလုပ်သမားများ၏ ကျန်းမာရေးဝန်ဆောင်မှုကိုအလွယ်တကူလက်လှမ်းမီရရှိနိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ဦးစားပေးအစီအစဉ်များချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ယခုဖွင့်လှစ်မည့် စာချုပ်ဆေးရုံ၊ ဆေးခန်းများ၏ အားနည်းချက်၊အားသာချက်များကိုပြန်လည်ဆန်းစစ်သုံးသပ်ပြီးပိုမိုကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင်ရန်ကုန်နှင့်နေပြည်တော်ရှိ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုကောင်းမွန်စေရန်အတွက် PPS စမ်းသပ်ဆေးခန်းများကို မကြာမီမှာဆက်လက်တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု ရရှိကောင်းမွန်စေရန်နှင့် ထိရောက်စေရန် အစဉ်တစိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၏ လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာအလုပ်ရှင်၊ အလုပ်သမားများမှလည်း နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီးဆောင်ရွက်သွားရန်တိုက်တွန်းလိုကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဥက္ကဋ္ဌမြို့တော်ဝန် ဒေါက်တာရဲလွင်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းသည် ပြည်သူလူထု၏ ကျန်းမာရေးအခြေအနေတိုးတက်လာစေနိုင်သည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုကိုလူတိုင်းလက်လှမ်းမီရရှိရေးသည် နိုင်ငံတော်၏ ရည်ရွယ်တည်တံ့မှုအတွက် အဓိကကျသည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများဆေးကုသရာတွင်ပိုမိုထိရောက်စွာဝန်ဆောင်မှုပေးနိုင်ရန်အတွက်ပြင်ပလူနာဝန်ဆောင်မှုကို မေတ္တာရှင်ဆေးရုံ၊ မြို့တော်ဆေးရုံတို့နှင့် စာချုပ်ချုပ်ဆို၍ မိမိတို့တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယင်းလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အလုပ်ရှင်၊အလုပ်သမားများ ပုဂ္ဂလိကဆေးရုံမှ တာဝန်ရှိသူများ၊ အစိုးရဌာနမှတာဝန်ရှိသူများအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်တိုက်တွန်းပြောကြားခဲ့ပါသည်။

၎င်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများမှဖွင့်ပွဲအထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီးအလုပ်သမားကိုယ်စားလှယ်ဟိုတယ်မန္တလေးမှ ဒေါ်အိဖြူဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်အာမခံအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက်ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုပြီးပြင်ပလူနာဝန်ဆောင်မှုဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုကို Provider Purchase Split စနစ်အရ မြှင့်တင်ဆောင်ရွက်ခြင်းနှင့် နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသည့် Capitation အရငွေပေးချေမှုစနစ်ဖြင့် ယင်းဆေးခန်းများကိုဖွင့်လှစ်၍လည်းကောင်း၊ ကျန်းမာရေးဝန်ဆောင်မှုကုမ္ပဏီများနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီးဝန်ဆောင်မှုတစ်ကြိမ်အတွက် သတ်မှတ်ထားသည့်နှုန်းထားဖြင့် ငွေပြန်လည်ပေးချေခြင်း (Per visit) ဖြင့်လည်းကောင်း၊ ဆေးဝါးသုံးစွဲမှုအတွက် (Fee for Service) ဖြင့် ငွေပြန်လည်ပေးချေခြင်းနည်းလမ်းများဖြင့် စမ်းသပ်ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။